## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

# တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား အောက်ဖော်ပြပါ ရေကြောင်းဘက်ဆိုင်ရာအင်ဂျင်နီယာဘွဲ့နှင့် ရေကြောင်းသိပ္ပံပညာ(ဂုဏ်ထူး)ဘွဲ့သင်တန်းများကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၁၅ )ရက်နေ့တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်-

| <u>ဖွင့်လှစ်မည့်သင်တန်း</u> | | <u>သင်တန်းကာလ</u> |
|---|---|---|
| (က) B.E. ( NA ) | အင်ဂျင်နီယာဘွဲ့(ရေယာဉ်တည်ဆောက်မှု) | |
| (၅)နှစ် | | |
| | Bachelor of Engineering (Naval Architecture) | |
| (ခ ) B.E. ( MM ) | အင်ဂျင်နီယာဘွဲ့ ( ရေကြောင်းစက်မှု ) | (၅)နှစ် |
| | Bachelor of Engineering ( Marine Mechanical ) | |
| (ဂ ) B.E. ( ME ) | အင်ဂျင်နီယာဘွဲ့ ( ရေကြောင်းအင်ဂျင်နီယာ ) | (၅)နှစ် |
| | Bachelor of Engineering ( Marine Engineering ) | |
| (ဃ) B.E. ( PH ) | အင်ဂျင်နီယာဘွဲ့ ( ဆိပ်ကမ်းအင်ဂျင်နီယာ) | (၅)နှစ် |
| | Bachelor of Engineering (Port and Harbour Engineering ) | |
| (င ) B.E. ( RC ) | အင်ဂျင်နီယာဘွဲ့ ( မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာ ) | (၅)နှစ် |
| | Bachelor of Engineering( River and Coastal Engineering ) | |
| (စ ) B.E. ( MESE ) | အင်ဂျင်နီယာဘွဲ့ ( ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်) | (၅)နှစ် |
| | Bachelor of Engineering ( Marine Electrical Systems & Electronics ) | |
| (ဆ) B.Sc.(Hons;)(NS) | သိပ္ပံဂုဏ်ထူးဘွဲ့ ( ရေကြောင်းသိပ္ပံ ) | (၅)နှစ် |
| | Bachelor of Science (Honours)( Nautical Science) | |

၂။ အထက်ဖော်ပြပါ အင်ဂျင်နီယာဘွဲ့သင်တန်းနှင့် သိပ္ပံ( ဂုဏ်ထူး )ဘွဲ့သင်တန်းအားလုံးအတွက် သင်တန်းကာလမှာ ( ၅ )နှစ် ဖြစ်ပြီး၊ သင်တန်းကာလ( ၅ )နှစ်လုံး ပြီးစီးအောင်မြင်သည့်အခါ B.E ဘွဲ့ / B.Sc(Hons;)ဘွဲ့တို့ကို တိုက်ရိုက်အပ်နှင်းချီးမြှင့်မည် ဖြစ်ပါသည်။

၃။ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ( ၃၂၀ )ဦးအထိသာ လက်ခံမည်ဖြစ်ပြီး လုပ်ငန်းသဘောသဘာဝအရ အမျိုးသမီးဦးရေ (၂၀)ရာခိုင်နှုန်းအထိသာ လက်ခံနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စုစုပေါင်းရမှတ် ( ၄၅၀ )နှင့်အထက်ရရှိပြီး အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူနှင့် ၄င်း၏ မိဘ( ၂ )ဦးစလုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (နိုင်)၊ (ပြု)၊ (ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။

( ခ ) ကျန်းမာရေး(က)အဆင့်ရှိရမည်။

( ဂ ) အမျိုးသမီးများသည် Marine Engineering နှင့် Nautical Science ဘာသာရပ်များမှလွဲ၍ အခြားဘာသာရပ်များကို လျှောက်ထားခွင့်ရှိသည်။

(ဃ) Marine Engineering ၊ Marine Electrical Systems & Electronics နှင့် Nautical Science ဘာသာရပ်လျှောက်ထားသူများသည် သင်တန်းတက်ရောက်ခွင့်မပြုမီ မှန်ကန်စွာအရောင်ခွဲခြားနိုင်မှုစွမ်းရည်ရှိရမည်။ Nautical Science ဘာသာရပ်အတွက် မျက်မှန်တပ်ဆင်သူများလျှောက်ထားခွင့်မရှိ။

( င ) ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူများသာလျှောက်ထားခွင့်ရှိပါသည်-

(၁ ) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓါတုဗေဒ၊ ဘောဂဗေဒ

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓါတုဗေဒ၊ ဇီဝဗေဒ

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓါတုဗေဒ၊ ပထဝီဝင်

( စ ) လူတွေ့စစ်ဆေးခြင်းခံရမည်။

(ဆ) ပညာသင်ကာလအတွင်း Workshop Skills ၊ သတ်မှတ်ထားသော ပင်လယ်ပြင်လုပ်သက်နှင့် တက္ကသိုလ်ပြင်ပတွင် တက်ရောက်ရမည့် အခြားသင်တန်းများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် စည်းမျဉ်း၊စည်းကမ်းများနှင့်အညီ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

၅။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာပုံစံကို ၂၅.၄.၂၀၂၂ ( တနင်္လာနေ့ )မှ စတင်၍ တက္ကသိုလ်၏ Website www.mmu.edu.mm မှ လည်းကောင်း၊ ကျောင်းသားရေးရာဌာနမှ လည်းကောင်းရယူပြီး စာတိုက်မှဖြစ်စေ၊ ကျောင်းသားရေးရာဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ စာရွက်စာတမ်းအပြည့်အစုံ (ဓါတ်ပုံ-၄ပုံ ၊ အမှတ်စာရင်းမူရင်း ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ) တို့ဖြင့်လျှောက်ထားရမည်။ ပြည့်စုံခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်ထားခြင်းကို ၂၅.၄.၂၀၂၂ (တနင်္လာနေ့) မှ ၁၃.၅.၂၀၂၂(သောကြာနေ့)အထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၇။ ဝင်ခွင့်လျှောက်လွှာများတွင် ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၈။ တက္ကသိုလ်ဝင်ခွင့်အတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၁၇.၅.၂၀၂၂ ( အင်္ဂါနေ့ )တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ၎င်းနေ့ရက်တွင် ကျန်းမာရေးစစ်ဆေးမည့်ရက်၊ မျက်စိစမ်းသပ်စစ်ဆေးမည့်နေ့ရက်နှင့် လူတွေ့ဖြေဆိုရမည့်နေ့ရက်များကို ဝင်ခွင့်အမှတ်စဉ်အလိုက် ကြေညာပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website www.mmu.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၉။ ဝင်ခွင့်လျှောက်လွှာများကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်၊ သီလဝါ စာတိုက်သင်္ကေတ - ၁၁၂၉၃ သို့ တိုက်ရိုက်လျှောက်ထားရမည်။

( အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်းနံပါတ် ၀၉-၄၂၃၅၁၀၈၅၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ )

<u>တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့</u>